နအဖအစိုးရက ရဟန်းသံဃာတော်များကို
နိုင်ငံရေးမလုပ်ရ ကတိဝန်ခံချက် လက်မှတ်ထိုးခိုင်း

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇွန်လ ၂၇ ရက်၊ ၂၀၀၃ ခုနှစ်။

ယနေ့ မွန်ပြည်နယ်အတွင်းရှိ ရဟန်းသံဃာတော်များ နိုင်ငံရေးမလုပ်ရန် နအဖစစ်အစိုးရမှ အမိန့်ထုတ်ထားပြီး၊ ရဟန်းသံဃာတော်များကိုလည်း နိုင်ငံရေးမလုပ်တော့ဟု ကတိဝန်ခံချက်များ လက်မှတ်ရေးထိုးခိုင်းပါသည်။

၄င်းကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြီးခဲ့သည့် ဇွန်လ ၂၄ ရက်နေ့က အမိန့်ထုတ်ထားပြီး၊ မြို့နယ်အသီးသီးကို ညွှန်ကြားထားပါသည်။

အမိန့်အရ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မယက) တို့က ကျေးရွာဥက္ကဋ္ဌနှင့် မြို့နယ်သံဃာ့နာယကတို့အား ကျောင်းတိုင်းရှိ ရဟန်းသံဃာတော်များ နိုင်ငံရေးမဝင်လုပ်ရန်နှင့် ဝင်ရောက် မစွက်ဖက်ရန် ထပ်ဆင့်အမိန့်ထုတ် ထားပြန်သည်။

ထို့အပြင် နိုင်ငံရေးမလုပ်တော့ကြောင်းနှင့် ဝင်ရောက်မစွက်ဖက်တော့ကြောင်း ကတိဝန်ခံချက် လက်မှတ်ကိုလည်း မြို့နယ်အသီးသီးရှိကျောင်းများမှ ရဟန်းသံဃာတော်များကို ကျေးရွာဥက္ကဋ္ဌတို့က သွားရောက် ထိုးခိုင်းနေကြောင်းလည်း သိရပါသည်။

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအပြင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃနာယကအဖွဲ့မှလည်း ရဟန်းသံဃာတော်များ နိုင်ငံရေးမလုပ်ရန် တိုက်တွန်း ထုတ်ပြန်ကျေညာစာများကိုလည်း ကျောင်းတိုင်းသို့ ဖြန့်ဝေထားပြီး ဖြစ်ကြောင်းကိုလည်း မော်လမြိုင်မြို့ပေါ်ရှိ ၄င်းစာကို လက်ခံရရှိထားသော စာချဆရာတော်တစ်ပါးက လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

အစိုးရမှ ယခုကဲ့ ရဟန်းသံဃာများ နိုင်ငံရေးမလုပ်ရ အမိန့်ထုတ်ထားသည့် ကိစ္စအပေါ် ဘယ်လိုမြင်သနည်းဟု ရန်ကုန်မြို့ (တရားမဝင်) ရဟန်းပျိုသမဂ္ဂတခုမှ ကို ဦးပဥ္စင်းတပါးကို မေးမြန်းခဲ့ရာ ယခုကဲ့သို့ ရှင်းပြခဲ့ပါသည်။

''ဒီလိုနိုင်ငံရေးမလုပ်ဖို့ အမိန့်ထုတ်ထားတာဟာ ရဟန်းသံဃာများ၏ အခွင့်အရေးကို ချိုးဖောက်တဲ့အပြင် ဗုဒ္ဓသာသနာတော်ကို စော်ကားတာပဲ။ ဗုဒ္ဓအယူဝါဒဟာ ဒီမိုကရေစီနဲ့အတူတူပဲ၊ အစိုးရက ဗုဒ္ဓသာသနာတော်ကို သေသေချာချာ မလေ့လာမလိုက်စားလို့ အခုလိုအာဏာရှင် ဖြစ်လာရတာ။ နိုင်ငံတော်အုပ်ချုပ်ရာမှာ အာဏာစက်နှင့် ဓမ္မစက်တို့အမည်သည် ညီညီမျှမျှရှိရမယ်။ ရဟန်းသံဃာတော်များနဲ့ ပြည်သူဆိုတာ အမြဲပူးတွဲနေရမယ်။ ဒါမှ နိုင်ငံတော်ဟာ တိုးတက်ဖွံ့ဖြိုးလာမည်''ဟု ဦးပဥ္စင်းက ဆိုပါသည်။

မွန်ပြည်နယ်တွင် ရဟန်းသံဃာအဖွဲ့ များစွာရှိပြီး၊ ရဟန်းသံဃာအဖွဲ့များသည် ရပ်ရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ဝိုင်ဝန်းလုပ်ဆောင်နေကြပြီး၊ ဒေသအတွင်းရှိ မွန်ပြည်သူများ မွန်စာပေတတ်မြောက်ရေး အတွက် မွန်စာပေသင်ကြားပေးခြင်းတို့ ပြုလုပ်ဆောင်ရွက်နေကြပါသည်။

ထို့အပြင် ဒေသခံပြည်သူများ ဖွံ့ဖြိုးရေးအတွက် အဖက်ဖက်တွင် ဝိုင်းဝန်းလုပ်ဆောင်ပေးနေကြပြီး၊ ယခုကဲ့သို့ လုပ်ဆောင်ရာတွင် အစိုးရမှ ခြိမ်းခြောက်ခြင်း ဖမ်းဆီးထောင်ချခြင်းတို့ ရှိပါသည်။

စစ်အစိုးရက ၁၉၈၈ ခုနှစ်တွင်လည်း သံဃာတော်များ ဒီမိုကရေစီရရှိရေး ဆန္ဒပြပွဲများတွင် တက်ကြွစွာ ပါဝင်ခဲ့သောကြောင့် ၄င်းတို့အား 'သင်္ကန်းဝတ်များ' ဟု စစ်အစိုးရမှ စွပ်စွဲခဲ့ပါသည်။